
# ဖြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၁၀ ဇူလိုင် - ၁၆ ဇူလိုင်၂၀၂၆




၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှ ဇူလိုင်လ ၁၆ ရက်နေ့အတွင်း နိုင်ငံတဝန်းတွင် စစ်ရေးလှုပ်ရှားမှုများနှင့် အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဉ်များ စုစုပေါင်း ၁၆၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ၎င်းတို့အနက် စစ်ရေးလှုပ်ရှားမှုများမှာ အနည်းဆုံး ၆၁ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဉ်များမှာ အနည်းဆုံး ၁၀၅ ကြိမ် ဖြစ်ပွားခဲ့သည်။

အာဆီယံ၏ ဘုံသဘောတူညီချက် ၅ ရပ်အား မထီမဲ့မြင်ပြုနေသည့် မြန်မာစစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံမှုသည် စစ်အုပ်စုအား နိုင်ငံတကာရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရမှုမှ ကင်းလွတ်စွာ ဆက်လက်ကျူးလွန်နိုင်ရန် အားပေးအားမြှောက်ပြုရာ ရောက်မည်ဖြစ်ကြောင်း Justice For Myanmar (JFM) မှ ဇူလိုင်လ ၁၅ ရက်တွင် သတိပေးချက် ထုတ်ပြန်ခဲ့သည်။ အာဆီယံအနေဖြင့် ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှ စတင်ချမှတ်ခဲ့သည့် ဘုံသဘောတူညီချက် ၅ ရပ်အား ကိုယ်တိုင်ပြန်လည်ချိုးဖောက်နေဆဲဖြစ်ပြီး ယင်းအခြေအနေသည် မြန်မာစစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများတွင် ကြံရာပါပတ်သက်မှုကို ပိုမိုခိုင်မာစေလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ထောက်ပြခဲ့သည်။ အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့ရှိ ကုမ္ပဏီများနှင့် စစ်အုပ်စုနှင့် ဆပ်စပ်ပတ်သက်မှုများရှိကြောင်း၊ ဥပမာအားဖြင့် ထိုင်းအစိုးရမှ တစိတ်တပိုင်းပိုင်ဆိုင်သည့် PTTEP ကုမ္ပဏီသည် စစ်အုပ်စုနှင့် မိတ်ဖက်ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းကြီး ၂ ခုတွင် ကြီးကြပ်လုပ်ကိုင်နေကြောင်း ထောက်ပြထားသည်။ ထို့အပြင် အာဆီယံလူ့အခွင့်အရေးဆိုင်ရာလွှတ်တော်အမတ်များအဖွဲ့ APHR မှလည်း အာဆီယံ၏ မြန်မာစစ်အုပ်စုနှင့် ပြန်လည်ထိတွေ့ဆက်ဆံရေးကြိုးပမ်းမှုများသည် မြန်မာပြည်သူများအတွက် မြင်သာသည့် လက်တွေ့အကျိုးရလဒ် မဖြစ်ပေါ်စေဘဲ စစ်အာဏာရှင်စနစ်ကို တရားဝင်မှုပိုမိုရရှိစေနိုင်ကြောင်း ဇူလိုင် ၁၅ ရက်တွင် သတိပေးခဲ့သည်။

# မြင်ကွင်း


# တော်လှန်စစ်ဆင်ရေး

## တပတ်အတွင်း စစ်ရေးလှုပ်ရှားမှုများ

အစီရင်ခံကာလအတွင်း တနိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်ပေါင်း ၂၄ မြို့နယ်တွင် စစ်ရေးလှုပ်ရှားမှု အနည်းဆုံး ၆၁ ကြိမ် ဖြစ်ပွားခဲ့ပြီး မန္တလေး ဒေသတွင် ဖြစ်စဉ် ၁၈ ခုဖြင့် အများဆုံးဖြစ်ပွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက စစ်ရေးလှုပ်ရှားမှုဖြစ်စဉ်အရေအတွက် လျော့နည်းလာသည်ကို တွေ့ရသည်။

၄င်းဖြစ်စဉ်များအနက် နှစ်ဘက်အပြန်အလှန် တိုက်ခိုက်မှုဖြစ်စဉ်သည် အများဆုံးဖြစ်ပြီး စုစုပေါင်း ၄၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်များအနက် ၇ ခုသည် စခန်းသိမ်းတိုက်ပွဲဖြစ်စဉ်များ ဖြစ်ကြသည်။ စစ်အုပ်စုတပ်စွဲထားသည့် မန္တလေးဒေသ၊ မတ္တရာမြို့နယ်ရှိ တပ်စခန်းနှစ်ခုအား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ ဇွန်လ ၂၇ ရက်နေ့တွင်လည်းကောင်း၊ ကချင်ဒေသ ခေါင်လန်ဖူးမြို့နယ်ရှိ စစ်အုပ်စု၏ တပ်စခန်းသုံးခုအား ကချင်လွတ်မြောက်ရေးတပ်မတော်မှ ဇူလိုင်လ ၁၀ ၊ ၁၂၊ ၁၃ ရက်များတွင်လည်းကောင်း အသီးသီး သိမ်းပိုက်ခဲ့သည်။ အပြန်အလှန်အားဖြင့် စစ်အုပ်စုသည် ကရင်ဒေသ၊ မြဝတီမြို့နယ်ရှိ KNLA ၏ တပ်စခန်းကုန်းတခုအား ဇူလိုင်လ ၁၃ ရက် တွင်လည်းကောင်း၊ ချင်းတော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် ထန်တလန်မြို့အား ဇူလိုင်လ ၁၆ ရက် တွင် လည်းကောင်း သိမ်းပိုက်ခဲ့သည်။

အစီရင်ခံကာလအတွင်း ပဲခူး (အရှေ့)၊ နေပြည်တော်၊ ရန်ကုန်နှင့် ရှမ်း (အရှေ့) ဒေသတို့တွင် စစ်ရေးလှုပ်ရှားမှုများ မရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် ကရင်နီ၊ ရှမ်း (တောင်)၊ ရှမ် (မြောက်) ဒေသများတွင် ယခင်အပတ်အတွင်း စစ်ရေးလှုပ်ရှားမှုရှိခဲ့သော်လည်း ယခုအပတ်တွင် စစ်ရေးလှုပ်ရှားမှု မရှိကြောင်း တွေ့ရသည်။









# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၁၀ ဇူလိုင် - ၁၆ ဇူလိုင် ၂၀၂၆




## အရပ်သား ပစ်မှတ်ထားတိုက်ခိုက်မှုများ

အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများအနေဖြင့် မြို့နယ်ပေါင်း ၄၆ မြို့နယ်တွင် အနည်းဆုံး ဖြစ်စဉ် ၁၀၅ ကြိမ် ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သားအနည်းဆုံး ၄၂ ဦး သေဆုံးခဲ့ပြီး ၃၇ ဦး ဒဏ်ရာရရှိခဲ့ကာ အရပ်သား ၂၇၅ ဦး မတရားဖမ်းဆီးခံခဲ့ရသည်။ စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်မှုဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး ဖြစ်စဉ် ၄၁ ကြိမ် ရှိခဲ့သည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်မှာ ၂၅ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်ပြီး ဖမ်းဆီးမှုဖြစ်စဉ်မှာ တတိယအများဆုံးဖြစ်ကာ ဖြစ်စဉ် ၁၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက အရပ်သားပစ်မှတ်ထားတိုက်ခိုက်ခံရမှု ဖြစ်စဉ်အရေအတွက် မြင့်တက်လာသည်ကို တွေ့ရသည်။


အရပ်သားထိခိုက်သေဆုံးမှုအများဆုံးဒေသမှာ မကွေးဒေသဖြစ်ပြီး အရပ်သား ၈ ဦး သေဆုံးကာ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ စစ်ကိုင်းဒေသနှင့် ရခိုင်ဒေသတို့သည် အရပ်သားထိခိုက်သေဆုံးမှု ဒုတိယအများဆုံးဒေသများဖြစ်ကြပြီး အရပ်သား ၉ ဦးစီ သေဆုံးဒဏ်ရာရမှုရှိခဲ့သည်။ အရပ်သားထိခိုက်သေဆုံးမှု တတိယအများဆုံးမှာ ကရင်ဒေသတွင် ဖြစ်ပွားခဲ့ပြီး အရပ်သား ၇ ဦး သေဆုံးခဲ့သည်။


အစီရင်ခံကာလအတွင်း စစ်ကိုင်းဒေသတွင် အရပ်သား ၁၈၂ ဦး ဖမ်းဆီးခံခဲ့ရပြီး အရပ်သားဖမ်းဆီးခံရမှု အများဆုံးဒေသအဖြစ် တွေ့ရှိရသည်။ ထို့နောက် တနင်္သာရီဒေသတွင် အရပ်သားဖမ်းဆီးခံရမှုအရေအတွက် ဒုတိယအများဆုံး ဖြစ်ပွားခဲ့ပြီး ၇၁ ဦး ဖမ်းဆီးခံခဲ့ရကာ ဧရာဝတီဒေသတွင် အရပ်သားပြည်သူ ၁၀ ဦး ဖမ်းဆီးခံခဲ့ရပြီး အရပ်သားဖမ်းဆီးခံရမှု တတိယအများဆုံး ဒေသအဖြစ် တွေ့ရှိရသည်။

NYAN LYNN THIT ANALYTICA

# မြင်ကွင်း တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၁၀ ဇူလိုင် - ၁၆ ဇူလိုင် ၂၀၂၆









## စစ်အုပ်စု၏ စစ်ကြောင်းထိုးမှုများ

အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုများအနက် စစ်အုပ်စုတပ်များမှ ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်စီးနင်းမှုဖြစ်စဉ်သည် အများဆုံးဖြစ်ပြီး မြို့နယ် ၁၀ ခုတွင် အနည်းဆုံး ၄၁ ကြိမ် ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သား ၄ ဦး သေဆုံးခဲ့ကာ ၇၂ ဦး ဖမ်းဆီးခံခဲ့ရသည်။ မကွေးဒေသသည် စစ်ကြောင်းထိုးခံရမှု အများဆုံးဒေသဖြစ်ပြီး ဖြစ်စဉ် ၂၃ ကြိမ် ရှိခဲ့သည်။ တနင်္သာရီဒေသသည် စစ်ကြောင်းထိုးခံရမှု ဒုတိယအများဆုံးဖြစ်ပြီး ၁၂ ကြိမ် ရှိခဲ့သည်။ ထို့နောက် စစ်ကိုင်းဒေသသည် တတိယအများဆုံးဖြစ်ပြီး ဖြစ်စဉ် ၄ ကြိမ် ရှိခဲ့သည်။

စုစုပေါင်း စစ်ကြောင်းထိုးဝင်ရောက်မှု ၄၁ ကြိမ်အနက် ၂၀ ကြိမ်မှာ မကွေးဒေသ၊ မြိုင်မြို့နယ်နှင့် ချောက်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ စစ်ကြောင်းအတွင်း အရပ်သားထိခိုက်သေဆုံးမှုအများဆုံးဖြစ်စဉ်အဖြစ် မကွေးဒေသ၊ မြိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့ပြီး ဇူလိုင်လ ၁၄ ရက်နေ့တွင် စစ်အုပ်စုသည် မကွေးဒေသ မြိုင်မြို့နယ်ရှိ ကျေးရွာသုံးရွာအား စစ်ကြောင်းထိုးဝင်ရောက်ကာ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် အရပ်သားပြည်သူအမျိုးသား ၄ ဦး သေဆုံးခဲ့သည်။







## စစ်အုပ်စု၏ အရပ်သားကို ပစ်မှတ်ထားတိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုများ

အစီရင်ခံကာလအတွင်း စစ်အုပ်စုသည် ဒေသ ၇ ခုရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်တွင် အရပ်သားများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှု အနည်းဆုံး ၂၅ ခု ကျူးလွန်ခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သား ၁၂ ဦး သေဆုံးခဲ့ကာ ၂၇ ဦး ဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုအများဆုံးမှာ မကွေးဒေသတွင် ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ် ၇ ခု ရှိခဲ့သည်။

ဇူလိုင်လ ၁၀ ရက်နေ့တွင် စစ်အုပ်စုသည် ရခိုင်ဒေသ ဂွမြို့နယ်အား ဂျက်ဖိုက်တာဖြင့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အရပ်သားပြည်သူအမျိုးသား ၂ ဦး၊ အမျိုးသမီး ၁ ဦးနှင့် ကလေး ၁ ဦး သေဆုံးခဲ့ပြီး အရပ်သားပြည်သူ အမျိုးသား ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဇူလိုင်လ ၁၄ ရက်နေ့တွင် စစ်အုပ်စုသည် မကွေးဒေသ နတ်မောက်မြို့နယ်ရှိ ကျေးရွာစာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ကလေး ၁ ဦး သေဆုံးခဲ့ပြီး အရပ်သားပြည်သူ အမျိုးသမီး ၁ ဦးနှင့် ကလေး ၇ ဦး ဒဏ်ရာရခဲ့သည်။



# သုတေသနနည်းနာ

ဤအစီရင်ခံစာသည် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုအကြား စစ်ရေးတိုက်ပွဲများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ အချင်းချင်းအကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် အရပ်သားထိခိုက်သေဆုံးမှုများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်စဉ်များကို လေ့လာရာတွင် သတင်းဌာန ၄၃ ခုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တရားဝင်ထုတ်ပြန်ချက်များမှ တင်ပြထားသည့် သတင်းအချက်အလက်များကိုအခြေခံ၍ ဆန်းစစ်လေ့လာထားခြင်းဖြစ်ပြီး ဖြစ်စဉ်အရေအတွက်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်မှာ မြေပြင်တွင်ပိုမိုများပြားနိုင်ပါသည်။ တိုက်ပွဲဖြစ်စဉ်များ၊ ထိခိုက်သေဆုံးမှုအရေအတွက်များနှင့် ပတ်သက်၍ အတည်မပြုနိုင်သေးသည့် အချက်အလက်များအားချန်လှပ်ထားခဲ့ပြီး အဆိုပါ ဖြစ်စဉ်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များအား အတည်ပြုနိုင်ပါက ဆက်လက်ထုတ်ပြန်သွားမည့် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။ စစ်ရေးတိုက်ပွဲဖော်ဆောင်မှုများကိုရေတွက်ရာတွင် တရက်အတွင်း စစ်ရေးပစ်မှတ်နေရာ ၁ ခုကို စစ်အုပ်စုတပ် သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်လျှင် ဖြစ်စဉ် ၁ ခု အဖြစ် သတ်မှတ်ထားသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟုဆိုရာတွင် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်အုပ်စုကို တော်လှန်တိုက်ခိုက်နေကြသည့် လူမျိုးစုတော်လှန်ရေးအင်အားစုများလည်း ပါဝင်သည်။ အရပ်သားများ၏ ထိခိုက်သေဆုံးမှုများကိုဖော်ပြရာတွင် တိုက်ပွဲဖြစ်စဉ်များအတွင်း အရပ်သားထိခိုက်သေဆုံးမှုများအပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သီးခြားကောက်နှုတ်ဖော်ပြထားပါသည်။